
စိတ်ကူးချိုချိုအနုပညာ

# ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆ

ဦးဟိန်စွန်း





ကာတွန်းဦးဟိန်စွန်း(ဓာတ်ပုံ - အော်ပီကျယ် Facebook Page)

# ကျွန်ုပ်တို့၏ ခေါင်းထုသော ရုပ်ပြောင်ရေးဆရာ

## ဦးဟိန်စွန်း



ISBN 9789997117472
CAR39
9 789997 117472
1,300.00KS

# စိတ်ကူးချိုချိုအနုပညာ

[illegible]
[illegible]

ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာ၊ ဦးဟိန်စွန်း
စာမျက်နှာ ၄၀++ မျက်နှာ၊ ၁၄.၅ စင်တီ× ၂၀.၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# ကျွန်ုပ်တို့၏
# ခေါင်းမာသော
# ရုပ်ပြောင်ရေးဆရာ
# ဦးဟိန်စွန်း

ပထမအကြိမ်၊ ၂၀၁၉

# ပုံပြောကောင်းတဲ့ ဦးဟိန်စွန်း

(၁)

"ရန်ကုန်မြို့တွင်း၌ လှည့်လည်လည်ပတ်နေသော ကာတွန်းအဘိဓာန် စာအုပ်ကြီးတစ်အုပ်ရှိသည်။ ယင်းကာတွန်းအဘိဓာန် စာအုပ်ကြီးထဲတွင် ကာတွန်းဗဟုသုတများ 'က' မှစ၍ 'အ' အထိ ပါဝင်သည်။ ကာတွန်းအချက်အလက် အကြောင်းအရာ သိလိုသူတို့သည် ယင်းကာတွန်းအဘိဓာန်ကို တွေ့လိုက်ပါက အကုန်လုံးရှင်းလင်းစွာ သိသွားသည်။ ရန်ကုန်မြို့အတွင်း လှည့်လည်လည်ပတ်နေသော အဘိဓာန်ကြီးမှာ အသက် ၇၀ ကျော်ပြီဖြစ်သော ကာတွန်းဆရာကြီး ဦးဟိန်စွန်းပင်ဖြစ်သည်။ ဆရာကြီး ဦးဟိန်စွန်းသည် တစ်ညတာ အိပ်စက်အနားယူရာ မှ နိုးလျှင်နိုးချင်း ကိုယ်လက်သန့်စင် ရေမိုးချိုး၊ ဝတ်စားဆင်ယင်ပြီး လက်ဆွဲအိတ်တစ်လုံးဆွဲကာ (မိုးတွင်းဆိုလျှင် ထီးပါသည်) အခန်းသော့ခတ်ထွက်တော့သည်။ ဆရာကြီးသည် လက်ဖက်ရည်ကို ဆိုင်မှာသောက်သည်။ ထမင်းကို ဆိုင်မှာစားသည်။ သတင်းစာတိုက်များသို့လည်း ရောက်သည်။ ရုပ်ရှင်ရုံများသို့လည်း ရောက်သည်။ (ဆရာကြီးသည် ကြေးမုံသို့ အင်္ဂလိပ်ရုပ်ရှင်သတင်းနှင့် မြန်မာ့ရုပ်ရှင်သတင်းများပေးရန် တာဝန်ယူထားသည်။) ပုံနှိပ်

တိုက်များသို့လည်း ရောက်သည်။ မိတ်ဆွေနှင့် တပည့်တပန်းများအိမ်သို့လည်း ရောက်သည်။ နေညိုခဲ့ပြီ။ ဆရာကြီးသည် ရန်ကုန်မြို့တွင်း လှည့်လည်ဆဲပင်ရှိသည်။ တစ်မြို့လုံး မီးများလင်းထိန်နေပြီ။ ဆရာကြီးသည် မြန်မာ၊ သို့မဟုတ် တရုတ်၊ သို့မဟုတ် ကုလားထမင်းဆိုင် တစ်ဆိုင်သို့ဝင်ကာ ညစာစားကာ တစ်နေ့တာအတွက် အနားယူ အိပ်စက်ရန် အခန်းသို့ပြန်ခဲ့သည်။ အချိန်ကား ည ၈ နာရီ၊ သို့မဟုတ် ၉ နာရီ၊ ၁၀ နာရီ။ နောက်တစ်နေ့တွင်လည်း ဆရာကြီးသည် မနေ့ကလိုပင် အခန်းမှထွက်ခဲ့သည်။ မနေ့ကလိုပင် ရန်ကုန်မြို့တွင်း လှည့်လည်သွားလာသည်။ မနေ့ကလိုအချိန်မှာပင် အခန်းပြန်၍ မှိန်းစက်အနားယူသည်။ နောက်နေ့၊ နောက်နေ့များတွင်လည်း ယခင့်ယခင်နေ့များကဲ့သို့ပင်ဖြစ်သည်"

ဘထွေး

(ဦးဘဂျမ်းနှင့်သူတို့အမြိုင်စာအုပ်မှ)

အဲဒါကတော့ ဆရာကြီး ဦးဘထွေးရေးတဲ့ ဆရာကြီး ဦးဟိန်စွန်းရဲ့ နေ့စဉ်ဖြတ်သန်းမှု ရုပ်ပုံလွှာပဲဖြစ်ပါတယ်။ ဆရာကြီးဦးဟိန်စွန်းဟာ မြန်မာနိုင်ငံရဲ့ ကာတွန်းခေတ်ဦးမှာ ဆရာကြီးရွှေတလေးနဲ့အတူ လက်တွဲပြီး နယ်ချဲ့ဆန့်ကျင်ရေးကာတွန်းတွေ ရေးဆွဲခဲ့သလို လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း ဆရာကြီး ဦးဘဂျမ်းနဲ့အတူ တိုင်းပြည် ပြန်လည်ထူထောင်ရေး၊ ပြုပြင်ရေး ကာတွန်းရေးဆွဲခဲ့တဲ့သူဖြစ်ပါတယ်။ ကျွန်တော်တို့လူငယ်ဘဝအထိ သက်တော်ရှည် ကာတွန်းဆရာကြီးအဖြစ် ရပ်တည်နေထိုင်သွားနိုင်ခဲ့ပါတယ်။ ကျွန်တော် ကာတွန်းဆရာဘဝမှာပင် အင်မတန်ကံကောင်းတဲ့ ဆုလာဘ်ကြီးတစ်ခုကို ရရှိခဲ့ပါတယ်။ အဲဒါကတော့ ဆရာကြီး ဦးဟိန်စွန်းနဲ့ ရင်းနှီးခင်မင်ခွင့်ရခြင်းပါပဲ။

(၂)

၁၉၈၂ ခုနှစ် ဝန်းကျင်က ဖြစ်မယ်ထင်တယ်။ ကျွန်တော် ရွှေကြည်အေးလက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း ဆရာကြီး ဦးဟိန်စွန်းက ၃၃ လမ်းထဲကို ဝင်လာပါတယ်။ ဆရာကြီးမှန်းသိတော့ ကျွန်တော်က လိုက်ခေါ်ပြီး ဆရာကြီးကို ဂါရဝပြုတဲ့အနေနဲ့ လက်ဖက်ရည်တိုက်လိုကြောင်း အမူအရာနဲ့ပြတော့ ဆရာကြီးက လိုက်လာပါတယ်။ လက်ဖက်ရည်ဆိုင်နားရောက်တော့ ကျွန်တော့်ကိုယ်ကျွန်တော်စပြီး မိတ်ဆက်ပါတယ်။ အဲဒီအချိန်မှာ ဆရာကြီးဟာ အကြားအာရုံ လုံးဝမကောင်းတော့ပါဘူး။ ဒါကြောင့် -

"ကျွန်တော် ကာတွန်းမောင်ဝင်းအောင်(မန္တလေး)ပါ" လို့ စာရေးပြီး ဆရာကြီးကိုပေးတော့ ဆရာကြီးက စာကိုဖတ်ပြီး -

"မင်းဆွဲထားတဲ့ ကာတွန်းပုံပါရင် ဆရာကြည့်ချင်တယ်" လို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်လည်း သတင်းစာတိုက်တွေကိုပေးဖို့ ရေးလာတဲ့ ကာတွန်းပုံတွေကို ထုတ်ပြပါတယ်။ ဆရာကြီးက ကာတွန်းပုံတွေကိုကြည့်ပြီး လက်မှတ်(ကလောင်အမည်)ကို ဖတ်ရလွယ်အောင် ရှင်းရှင်းလင်းလင်းရေးဖို့ ပြောပါတယ်။ နာမည်ကို လွယ်လွယ်ကူကူ ဖတ်လို့ရမှ မင်းနာမည်ကြီးမှာ၊ နာမည်ကို ဖတ်ရတာခက်နေရင် လူသိမှာမဟုတ်ဘူးလို့ ပြောပါတယ်။

အဲဒီကအစပြုပြီး ကျွန်တော်နဲ့ ဆရာကြီးဟာ ရင်းနှီးခင်မင်ပြီး မကြာခဏ တွေ့ဆုံဖြစ်ပါတယ်။ ဆရာကြီးဟာ တွေ့ဆုံဖို့ချိန်းရင် အချိန်အလွန်တိကျပါတယ်။ မှတ်ဉာဏ်ကလည်း အရွယ်နဲ့မလိုက်အောင် အင်မတန်ကောင်းတယ်။ ကာတွန်းနဲ့ပတ်သက်ပြီး သိချင်တာရှိလို့မေးရင် ခုနှစ်၊ သက္ကရာဇ်နဲ့ တိတိကျကျပြောနိုင်တယ်။ အကြားအာရုံမကောင်းပေမဲ့ မျက်စိကတော့ တော်တော်ကောင်းတယ်။ မျက်မှန်မပါဘဲ စာရေးစာဖတ်နိုင်တယ်။ ဆရာကြီး မျက်မှန်တပ်တာ တစ်ခါမှ မတွေ့ဖူးပါဘူး။ မှတ်ဉာဏ်ကောင်းတဲ့ဆရာကြီးဟာ ဘာကြောင့်မှန်း

မသိဘူး ကျွန်တော့်နာမည်ကို တစ်ခါမှ မှန်အောင်ခေါ်မသွားခဲ့ဘူး။ မောင်အောင်ဝင်းလို့ပဲခေါ်တယ်၊ မောင်ဝင်းအောင်လို့ ပြင်ပေးလည်း မရဘူး။ မောင်အောင်ဝင်းပဲခေါ်တယ်။ နောက်တော့ ကျွန်တော်လည်း ဘာမှမပြောတော့ပါဘူး။

အဲဒီကာလက ငွေတာရီမဂ္ဂဇင်းအယ်ဒီတာက ဆရာမောင်ယဉ်မှူးပါ။ ကျွန်တော်က ငွေတာရီမဂ္ဂဇင်းမှာ လစဉ် ကာတွန်းရေးဆွဲတဲ့ အပြင် သရုပ်ဖော်ပုံတွေပါ ရေးဆွဲရပါတယ်။ ဆရာဦးဘမိုးက (မောင်မောင်ရှင်)ဆိုတဲ့ ကလောင်ခွဲနဲ့ ဘာသာပြန်ဟာသတိုလေးတွေကို 'သူတို့ဆီကဟာသများ' ခေါင်းစဉ်နဲ့ လစဉ်ရေးတယ်။ ကျွန်တော်က အဲဒီစာမူကို လစဉ် သရုပ်ဖော်ရေးဆွဲရပါတယ်။ ဆရာဦးဘမိုးက တစ်နှစ်ကျော်ကျော်လောက်ရေးပြီး ဘာသာပြန်ဖို့ စာအုပ်အခက်အခဲရှိလို့လား ဘာလားမသိဘူး၊ ဆက်မရေးတော့ဘူး။ ဒီတော့ ကျွန်တော်လည်း သရုပ်ဖော်ပုံမရေးရတော့ ဝင်ငွေနည်းပြီး ရပ်တည်မှုတော်တော်ခက်ခဲသွားတယ်။ ဒါနဲ့ ကျွန်တော်လည်း ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားတဲ့အခါ အကြံရသွားတယ်။ ဆရာကြီး ဦးဟိန်စွန်းဆီမှာ အဲဒီလိုဟာသတွေ အများကြီးရှိတယ်။ ဆရာကြီးရေးပေးရင် အဆင်ပြေမှာပဲဆိုပြီး ဆရာကြီးကို အကျိုးအကြောင်းပြောပြတော့ ရေးပေးမယ်လို့ ပြောတယ်။ ကျွန်တော် အရမ်းပျော်သွားတယ်။ ဆရာကြီးက စာမူပေးဖို့ လေးငါးရက်ခွာချိန်းတယ်။ ချိန်းထားတဲ့ရက်မှာပဲ သုံးလေးလစာလောက်ရှိမယ့်စာမူကို ကျွန်တော့်ကိုပေးပါတယ်။ အဲဒီလို ဆရာကြီးဦးဟိန်စွန်းဟာ ကျွန်တော့်ကို ကူညီစောင့်ရှောက်ခဲ့ဖူးပါတယ်။ ဆရာကြီးဟာ ကျွန်တော့်အပေါ်မှာ အဲဒီလို ကူညီစောင့်ရှောက်ခဲ့ပေမဲ့ ဆရာကြီးတောင်းတဲ့ အကူအညီကိုတော့ ကျွန်တော် လုပ်မပေးနိုင်ခဲ့ပါဘူး။ အဲဒါကတော့ 'မန္တလေးက ပန်းချီဆရာကြီး ဦးအောင်ချစ်အကြောင်း ဆရာ ဆောင်းပါးရေးချင်တယ်၊ မင်း မန္တလေးပြန်ရင် ဆရာလိုချင်တဲ့ အချက်အလက် မေးမေးပါ' ဆိုပြီး ဆရာကြီးက

သူလိုချင်တဲ့ အချက်အလက်လေးတွေရေးထားတဲ့ စာရွက် ကျွန်တော့်ကို ပေးထားပါတယ်။ ကျွန်တော်လည်း မန္တလေးမပြန်ဖြစ်၊ ဒီကြားမှာ ဆရာကြီးဆုံးသွားတော့ ဆရာကြီးရဲ့ဆန္ဒကို ကျွန်တော် မဖြည့်ဆည်းနိုင်ခဲ့ပါဘူး။ ဒီအတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိတယ်။ ဆရာကြီး ဦးဟိန်စွန်းရဲ့ ဘဝဖြတ်သန်းမှု ကိုယ်ရေးအကျဉ်းလေးကို မှတ်တမ်းပြု တင်ဆက်ပါရစေ။

(၃)

ကာတွန်းဆရာကြီး ဦးဟိန်စွန်းကို ၁၉၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှာ အဖ ဦးဟုတ်ကန်၊ အမိဒေါ်မြမှ မော်လမြိုင်မြို့မှာ မွေးဖွားခဲ့ပါတယ်။ ငါးနှစ်သားအရွယ်မှာ မိဘများနဲ့အတူ ရန်ကုန်မြို့ကို ပြောင်းရွှေ့နေထိုင်ခဲ့ပြီး စိန့်ပေါလ်ကျောင်းမှာ ကျောင်းတက်ရင်း ပန်းချီဆရာကြီး ဦးဘဇော်ထံမှာ ပန်းချီပညာသင်ကြားခွင့် ရခဲ့ပါတယ်။ စိန့်ပေါလ်ဟိုက်စကူးကျောင်းသားဘဝ ကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲမှာ ပထမဆု၊ ဒုတိယဆုများ ရရှိခဲ့ပြီး ဘုရင်ခံရဲ့ဆုနဲ့ အခြားဆုအများအပြားကို ရရှိခဲ့ပါတယ်။ ဆရာကြီး ဦးဟိန်စွန်းရဲ့ ပထမဦးဆုံးကာတွန်းလက်ရာက ၁၉၂၃ ခုနှစ်၊ စကောက်မင်းကြီး မစ္စတာကင့်ချ် ဦးစီးထုတ်ဝေတဲ့ ဘားမားဘွိုင်းခေါ် မြန်မာပြည်သား စာစောင်မှာပါဝင်တဲ့ 'အမေနှင့်ခွေး' ကာတွန်းပုံဖြစ်ပါတယ်။

၁၉၂၇ ခုနှစ်မှာ ဆရာကြီးဦးဟိန်စွန်းဟာ ဆယ်တန်းစာမေးပွဲအောင်ပြီး တက္ကသိုလ်ဆက်တက်ပါတယ်။ တက္ကသိုလ် ပုဂံဆောင်မှာ အတူနေတဲ့သူငယ်ချင်း မောင်သိန်း(ဆရာဇဝန)ကလည်း ကာတွန်းရေးနေတော့ ဝါသနာတူ သူငယ်ချင်း နှစ်ယောက်ပေါင်းမိပြီး ကာတွန်းတွေ အတူတူရေးဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဗန္ဓုလဂျာနယ်က အယ်ဒီတာ ဦးဘိုးမင်းရဲ့ မိတ်ဆက်ပေးမှုကြောင့် အလွန်နာမည်ကြီးထင်ရှားတဲ့ ကာတွန်းဆရာကြီး ရွှေတလေးခေါ် ဦးဘကလေးနဲ့ ရင်းနှီး

ခင်မင်ခဲ့ရပြီး ကာတွန်းပညာကို ဆက်လက်သင်ယူခွင့်ရခဲ့ပါတယ်။ ဘားမားအတ်ကလပ်မှာလည်း ပန်းချီပညာကို တက်ရောက်သင်ကြားဆည်းပူးခဲ့ပါတယ်။ 'အကြံပိုင်သော ငခွေး'၊ 'ကျွန်ုပ်တို့' ခေါင်းမာသော ကာတွန်းဆရာ' ကာတွန်းများနဲ့ နာမည်ကျော်ကြားလာခဲ့ပါတယ်။

၁၉၂၉ ခုနှစ်၊ တက္ကသိုလ်ကျောင်းသားဘဝမှာ နန်းတော်ရှေ့ဆရာတင်ရဲ့ဦးကလိမ်သီချင်းကို သရုပ်ဖော်တဲ့ မြန်မာကာတွန်းရုပ်ရှင်ကို ပထမဦးဆုံး ရိုက်ကူးနိုင်ခဲ့ပါတယ်။ အဲဒီကာတွန်းရုပ်ရှင် ဖြစ်မြောက်ရေးအတွက် ကာတွန်းပုံပေါင်း ၃,၀၀၀ ကျော် ရေးဆွဲရာမှာ သူငယ်ချင်းဖြစ်သူ မောင်သိန်း(ဇဝန)က ကူညီရေးဆွဲပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ၁၉၃၄ ခုနှစ်မှာ ဆရာကြီးဦးဘဂျမ်းနဲ့ တွဲဖက်ပြီး 'ကြက်တောင်ကွဲ'၊ ၁၉၃၅ ခုနှစ်မှာ 'အသူရာ' စတဲ့ ကာတွန်းရုပ်ရှင်များကို ရေးဆွဲရိုက်ကူးခဲ့ပါတယ်။ ၁၉၃၉ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးလခစား ကာတွန်းဆရာအဖြစ် မြန်မာ့အလင်းသတင်းစာက ခန့်အပ်ခြင်းကို ခံရပါတယ်။ ဆရာကြီး ဦးဟိန်စွန်းဟာ ကာတွန်းရုပ်ရှင်အပါအဝင် သတင်းစာကာတွန်း၊ မဂ္ဂဇင်းကာတွန်း၊ စာမဲ့ကာတွန်း၊ ကြော်ငြာကာတွန်း၊ ကလေးကာတွန်း၊ ဉာဏ်စမ်းပဟေဠိ ကာတွန်းများ ရေးဆွဲခဲ့ပါတယ်။ ဆရာကြီးဦးဟိန်စွန်းကို ကျွန်တော်တို့က တစ်သက်လုံးတစ်ကိုယ်တည်းလူပျိုကြီးလို့ သိထားပေမဲ့ ရယ်စရာမဂ္ဂဇင်းထဲမှာပါတဲ့ ဆရာသုဝဏ္ဏကျော်စိန်ရဲ့အဆိုအရ ရုပ်ရည်ရူပကာ ကိုယ်လုံးကိုယ်ပေါက် အလွန်ချောမောလှပသော 'ဒေါ်စောအေး' အမည်ရှိအမျိုးသမီးနဲ့ အိမ်ထောင်ကျပြီး သားနှစ်ယောက် ထွန်းကားခဲ့ပါတယ်။ ဒါပေမဲ့ ဆရာကြီးဟာ အိမ်ထောင်ရေးကံ၊ သားသမီးကံ မကောင်းရှာပါဘူး။ သားနှစ်ယောက်စလုံး ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်ခဲ့ပါတယ်။ ဆရာကြီးရဲ့ အိမ်ထောင်ရေးကလည်း သားလေးနှစ်ယောက်ဆုံးပြီး မကြာမီ တရားဝင်ကွာရှင်းပြတ်စဲခဲ့ရပါတယ်။ အဲဒီအချိန်ကစပြီး ဆရာကြီးဟာ နောက်အိမ်ထောင်မပြုတော့ပါဘူး။ ၁၉၈၇ ခုနှစ်၊

ဇူလိုင်လ ၃ဝ ရက်နေ့ အသက် ၈၅ နှစ်အရွယ်မှာ ဆရာကြီးဦးဟိန်စွန်း ဟာ ရန်ကုန်မြို့ ရွှေဂုံတိုင်ဘဏ်ရိပ်သာတိုက်ခန်းမှာ ကွယ်လွန်ခဲ့ပါ တယ်။

(၄)

ဆရာကြီး ဦးဟိန်စွန်း ကွယ်လွန်ခဲ့တာ ငွေရတု ၂၅ နှစ် တိုင်ခဲ့ပြီ ဖြစ်ပေမဲ့ ဆရာကြီးရဲ့ပုံကို ဒီနေ့ထိ မျက်စိထဲမှာ မြင်ယောင်နေမိပါ တယ်။ ဆရာကြီးဟာ သန့်ရှင်းသပ်ရပ်ပြီး စမတ်ကျကျ နေထိုင်ပါ တယ်။ (ဆေးဆိုးထားတဲ့)ဆံပင်ကို မည်းနက်ပြောင်လက်နေအောင် နောက် လှန်ပြီး ဖြီးသင်ထားတယ်။ အမြဲတမ်း အပေါ်အင်္ကျီ (အနွေးထည်) လက်တို အရောင်ဖျော့ဖျော့ကို ဝတ်ဆင်လေ့ရှိတယ်။ ခါးက ကိုင်းကိုင်း၊ ပလေကပ်လုံချည်ကို ဝတ်ဆင်ပြီး လက်ထဲမှာ လက်ဆွဲသားရေအိတ် တစ်လုံး အမြဲပါတယ်။ အဲဒီအိတ်ထဲမှာ လူတွေကို ပျော်တော်ဆက်ဖို့ ထူးထူးဆန်းဆန်း အရုပ်ကလေးတွေပါတယ်။ ရှားရှားပါးပါးကာတွန်းပုံ လေးတွေပါတယ်။ ဟာသပုံပြင်တွေပါတယ်။ ဆရာကြီးက ကာတွန်း ဆရာပီပီ လူတွေကိုပျော်စေချင်တယ်။ သူ့အိတ်ထဲက ထူးထူးဆန်း ဆန်း အရုပ်ကလေးတွေဟာ ထုတ်ပြလိုက်တာနဲ့ မရယ်ဘဲမနေနိုင်တဲ့ အရုပ်မျိုးတွေပါ။ ဟာသမြောက်တဲ့ နိုင်ငံခြားကာတွန်းပုံလေးတွေကို ဓာတ်ပုံသေးသေးတွေကူးပြီး လူတွေကို လက်ဆောင်ပေးတယ်။ ဟာသပုံပြင်တွေကိုလည်း တစ်နေ့တစ်မျိုး မရိုးရအောင် ပြောနိုင် တယ်။ ဆရာကြီးပြောတဲ့ ပုံပြင်တွေကတော့ နိုင်ငံရေးပုံပြင်တွေနဲ့ အချစ်ပုံပြင်တွေပါပဲ။ နားထောင်ရတဲ့ ကျွန်တော်တို့တစ်တွေဟာ တဝါးဝါး တဟားဟားနဲ့ပေါ့။ ကျွန်တော်တို့ရယ်ရင် သူကလည်း လိုက် ရယ်တယ်။ ဆရာကြီးရယ်ရင် အင်မတန်ချစ်စရာကောင်းတယ်။

သူ့ရဲ့ အံကပ်သွားဖွေးဖွေးပေါ်အောင် အားရပါးရ ရယ်တတ် တယ်။ လူတွေပျော်ရင် သူလည်းပျော်တယ်။ လူတွေကိုပျော်အောင်

လုပ်ပြီး သူ့ကိုယ်သူ အပျော်ရှာတယ်။ အဲဒီလိုချစ်စရာကောင်းတဲ့ ဆရာကြီးပါ။ လောကကြီးမှာ လူတွေကိုပျော် အောင်လုပ်တဲ့စိတ် ကလွဲပြီး အခြားဘာစိတ်မှမရှိပါဘူး။ လူ့ဘဝမှာ ပူပင်သောက၊ မာန်မာန၊ မစ္ဆရိယစိတ်၊ လောဘမောဟစိတ်ဆိုတာတွေ မြူတစ်မှုန်မျှ မရှိပါဘူး။ ဘဝကို ရိုးသားသန့်စင်စွာ နေထိုင်ပြီး ကျွန်တော်တို့ ကာတွန်းလောကကို ကောင်းကျိုးပြု လမ်းပြနိုင်ခဲ့တယ်။ ကျွန်တော် ဟာ ဆရာကြီး ဦးဟိန်စွန်းကို သက်ရှိထင်ရှားရှိစဉ်က ကန်တော့ ခွင့်ရခဲ့သလို ကွယ်လွန်တော့လည်း ဆရာကြီးရုပ်ကလာပ်ကို ကြံတော သုသာန်မှာ လိုက်ပါပို့ဆောင်ပြီး နောက်ဆုံးဂါရဝပြု ကန်တော့ခွင့် ရခဲ့ပါတယ်။ မြန်မာ့ကာတွန်းသမိုင်းစာမျက်နှာမှာ ဆရာကြီး ဦးဟိန်စွန်း ဟာ အမြဲရှင်သန်နေဦးမှာပါ။ ခုတော့ ကျွန်တော်တို့တစ်တွေဟာ ဘဝ အမောတွေကြားက ဆရာကြီးပြောပြခဲ့တဲ့ ပုံပြင်လေးတွေကို လက် ဆင့်ကမ်းပြောပြရင်း ရယ်မောပျော်ရွှင်ရင်းနဲ့ပဲ ဆရာကြီး ခင်းခဲ့တဲ့လမ်း ကို ဆက်လျှောက်နေပါတယ်။

ဆရာကြီးသိရင် ဝမ်းမြောက်နိုင်မှာပါ။ ။

**ကာတွန်းဝင်းအောင်**

'မြန်မာကာတွန်းကို ဖန်တီးသူများ' စာအုပ်မှ

❖



**မျက်နှာအပူဆုံးအလုပ်ကို လုပ်သူ**

ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား မျက်နှာအပူဆုံး အလုပ်ကိုလုပ်သူ၏ ရုပ်ပုံကို ရေးဆွဲပေးပို့ရန် အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဤမှုဖြင့် ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာသည် အဘယ်မျှ တလွဲတချော် ခေါင်းမာစွာ ပြုလုပ်တတ်သည်ကို အကဲခတ်နိုင်ရာ ရှေ့အဖို့တွင် ကျွန်ုပ်တို့ ရေးဆွဲခိုင်းသောပုံများအား ၎င်းက တမင်သက်သက် တလွဲတချော် ခေါင်းမာစွာ ရေးဆွဲပေးလိုက်ပုံတို့ကို ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၂၊ စာစောင် ၃၊ စက်တင်ဘာ ၂၊ ၁၉၃၉



(၁)

**လူများကို အများဆုံး ဒုက္ခပေးနေသော လေဘေးရန်**

ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား ယခုခေတ် လူများကို အများဆုံး ဒုက္ခပေးနေသော လေဘေးရန် ကာကွယ်ရေးအကြောင်း ရေးဆွဲပေးပို့ရန် မှာကြားလိုက်ရာ ၎င်းက အထက်ပါအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၂၊ စာစောင် ၇၊ စက်တင်ဘာ ၃၀၊ ၁၉၃၉




**ဝိဇ္ဇာစိုရ်**

ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား ဝိဇ္ဇာမိုရ် တန်ခိုး၏ပုံကို ရေးဆွဲပေးပို့ရန် အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင်ပါသည့်အတိုင်း ထို*နေသော ဝိဇ္ဇာ၏ပုံကို ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၁၊ နိုဝင်ဘာ ၁၁၊ ၁၉၃၉

* ထို = ထွေ



## မြန်မာအချင်းချင်း ကျောချင်းကပ်၍ နေကြပုံ

ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား မြန်မာအချင်းချင်း ကျောချင်းကပ်၍ နေကြပုံကို ရေးဆွဲရန် အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၂၊ နိုဝင်ဘာ ၁၈၊ ၁၉၃၉



**အရက်သမားများ**

ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား အရက်သမားများ၏ပုံကို ရေးဆွဲပေးပို့ရန် အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၃၊ နိုဝင်ဘာ ၂၅၊ ၁၉၃၉



**မင်းကတော်နှင့် တွဲပုံ**

ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား မင်းကတော်နှင့်တွဲပုံကို ရေးဆွဲပေးပို့ရန် အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၄၊ ဒီဇင်ဘာ ၂၊ ၁၉၃၉



**မျောက်မွေးသော ဘိုဆန်သူ မိန်းမတစ်ယောက်**

ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား မျောက်မွေးသော ဘိုဆန်သူမိန်းမတစ်ယောက်၏ပုံကို ရေးဆွဲပေးပို့ရန် အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၄၊ စက်တင်ဘာ ၉၊ ၁၉၃၉




## မြန်မာတွေ အကျပ်တွေ့နေပုံ

မြန်မာများ အကျပ်တွေ့နေကြပုံကို ရေးဆွဲပေးပို့ရန် ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၅၊ ဒီဇင်ဘာ ၉၊ ၁၉၃၉



## လူလျှောင်ပုံ

လူလျှောင်ပုံ ရေးဆွဲရန် ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၆၊ ဒီဇင်ဘာ ၁၆၊ ၁၉၃၉



## ချစ်လှျင်အကျိုး

ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား ချစ်လျှင်အကျိုး ဟူသောပုံကို ရေးဆွဲရန် အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲ ပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၇၊ ဒီဇင်ဘာ ၂၃၊ ၁၉၃၉



**အထက်တန်းကျသောအလုပ်**

အထက်တန်းကျသော အလုပ်လုပ်သူ၏ ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ဖော်ပြပါပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊
စာစောင် ၉၊ ဇန်နဝါရီ ၆၊ ၁၉၄၀



**စည်းစိမ်ရှင်**

စည်းစိမ်ရှင် မြန်မာတစ်ဦး၏ပုံကို ရေးဆွဲရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့် အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၁၀၊ ဇန်နဝါရီ ၁၃၊ ၁၉၄၀



**အယူလွဲသောဆရာကြီး**

အယူလွဲနေသော ဆရာကြီးတစ်ဦး၏ပုံကို ရေးဆွဲပေးပို့ရန် ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင်ပါရှိသော ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။


ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ စာစောင် ၁၁၊ ဇန်နဝါရီ ၂၀၊ ၁၉၄၀



**ပုလိပ်များ အရေးမယူနိုင်သော ရိုက်ပွဲတစ်ခု**

လူမျိုးရေးရိုက်ပွဲဖြစ်တိုင်း ပုလိပ်များသည် နောက်ဆုံးတစ်နေ့တွင် ငြိမ်ဝပ်ပိပြားအောင် အရေးယူနိုင်ကြသည်ချည်းပင်ဖြစ်ခဲ့ရာ ၎င်းတို့ အရေးမယူနိုင်သော ရိုက်ပွဲတစ်ခု၏ပုံကို ရေးဆွဲပေးဖို့ ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်သည်တွင် ၎င်းက အထက်ပါအတိုင်း ကျွန်ုပ်တို့ထံ ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၄၊ စာစောင် ၁၊ ဖေဖော်ဝါရီ ၃၊ ၁၉၄၀




**ပုလိပ်များ အရေးမယူနိုင်သော လက်ဆွဲမှု**

ရုံးသို့ လက်ဆွဲမှုများ မပြတ်မလပ်လိုပင် ပုလိပ်များ တင်ပို့နေသော်လည်း ပုလိပ်များ အရေးမယူနိုင်သော လက်ဆွဲပုံကို ရေးဆွဲပေးဖို့ ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်သည်တွင် ၎င်းက ယခုပုံပါအတိုင်း ကျွန်ုပ်တို့ထံ ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၄၊ စာစောင် ၂၊ ဖေဖော်ဝါရီ ၁၀၊ ၁၉၄၀



**လက်ထောက်အယ်ဒီတာတစ်ဦးပုံ**

လက်ထောက်အယ်ဒီတာတစ်ဦး၏ပုံကို ရေးဆွဲပေးပါရန် ကျွန်ုပ်တို့ ရုပ်ပြောင်ရေးဆရာအား ပြောကြားရာ ၎င်းက အထက်တွင် တွေ့မြင်ရသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။


ဂျာနယ်ကျော်၊ အုပ်တွဲ ၄၊ စာစောင် ၆၊ မတ် ၉၊ ၁၉၄၀




**အထက်ကလူနှင့် စကားများလျက်ရှိသောသူတစ်ဦး**

အထက်ကလူနှင့် စကားများလျက်ရှိသော သူတစ်ဦး၏ပုံကို ရေးဆွဲပေးပို့ရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၅၊ စာစောင် ၁၊ မေ ၂၇၊ ၁၉၄၀



## မှောင်ခန်းထဲ၌ ထိုင်နေသော ကပ္ပလီ

ရန်ကုန်မြို့ မောင်အောင်ချိုဆိုသူက မည်းမှောင်၍နေသော အခန်းကြီးတစ်ခန်း အတွင်းတွင် မီးသွေးတုံးကြီးအပေါ်၌ ကပ္ပလီကုလားတစ်ယောက် ဆောင့်ကြောင့်ထိုင် နေပုံကို ရေးဆွဲပေးရန် အယ်ဒီတာပေးစာအခန်းတွင် ရေးသားလိုက်သဖြင့် ထိုရေး သားချက်ကို ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား ညွှန်ကြားလိုက်ရာ ၎င်းက ယခုပုံကို ဤစာကလေးနှင့် ပူးတွဲပေးပို့လိုက်ကြောင်း။

မောင်အောင်ချို

မောင် မျက်စိရှိရင် အခုပုံမှာ မောင်မြင်ချင်တဲ့ အရုပ်တွေကို အကုန်မြင်ရမှာ ပဲ။ ကုလားကြီး ဆောင့်ကြောင့်ထိုင်နေပုံ ဆွဲထားတာ မောင် မကြိုက်ဘူးလား၊ မကျေနပ်သေးရင် ပြောလေ...

ဂျာနယ်ကျော်၊ အုပ်တွဲ ၅၊ စာစောင် ၂၊ မေ ၄၊ ၁၉၄၀



**မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေကြသူတွေ**

သစ်တစ်ပင်အောက်၊ ဆိတ်ကွယ်ရာအရပ်တွင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့ ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၅၊ စာစောင် ၃၊ မေ ၁၁၊ ၁၉၄၀




**ဝန်ကြီးချုပ်တစ်ဦး မြို့'လှည့်'ပုံ**

ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား ဝန်ကြီးချုပ်တစ်ဦး မြို့လှည့်ပုံကို ရေးဆွဲပေးရန် အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၅၊ စာစောင် ၄၊ မေ ၁၈၊ ၁၉၅၀



## ဟိုပင်မြင့်ဆီ၌ ပွင့်နေသော ဝါဝါ

ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား ဟိုပင်မြင့်ဆီ၌ ပွင့်နေသော ဝါဝါဟူသော ပုံကို ရေးဆွဲပေးရန် အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့်အတိုင်း ရန်ကုန်မြို့ ဘီအေအေဘောလုံးပွဲကို ဝင်းအပြင် သစ်ပင်ခွကြားမှနေ၍ ကြည့်နေသော သင်္ကန်းဝတ်တစ်ဦး၏ပုံကို ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၅၊ စာစောင် ၇၊ ဇွန် ၈၊ ၁၉၄၀




**အမတ်'လောင်း'ပုံ**

လွှတ်တော်အမတ်လောင်း ပုံတစ်ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့ ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင် တွေ့မြင်ရသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၅၊ စာစောင် ၈၊ ဇွန် ၁၅၊ ၁၉၄၀



**တက်နေသော မိန်းမပုံ**

ကျွန်ုပ်တို့ ရုပ်ပြောင်ရေးဆရာအား တက်နေသော မိန်းမတစ်ယောက်၏ပုံကို ရေးဆွဲပေးရန် အကြောင်းကြားလိုက်ရာ ယခုပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၅၊ စာစောင် ၉၊ ဇွန် ၂၂၊ ၁၉၄၀



**အထက်လူကြီးနားပေါက်အောင် လုပ်သူ**

ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား အထက်လူကြီးနားပေါက်အောင် လုပ်သူတစ်ဦး၏ ပုံတစ်ပုံကို ရေးဆွဲပေးရန် အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၅၊ စာစောင် ၁၁၊ ဇူလိုင် ၆၊ ၁၉၄၀



**ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာ**

ကျွန်ုပ်တို့၏ ရုပ်ပြောင်ရေးဆရာအား ယောက်ျားကြိုက်၍ ဆိုက်ဆိုက်လာနေသော ပုံတစ်ပုံကို ရေးဆွဲပေးရန် အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။


ဂျာနယ်ကျော်၊ အုပ်တွဲ ၅၊ စာစောင် ၁၂၊ ဇူလိုင် ၁၃၊ ၁၉၄၀



## မြန်မာအကျိုးကို မကြည့်သော ဝန်ကြီးချုပ်

မြန်မာအကျိုးကို မကြည့်သော ဝန်ကြီးချုပ်၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၆၊ စာစောင် ၅၊ ဩဂုတ် ၁၇၊ ၁၉၄၀



**ဖယောင်းတိုင်နှင့် ကန်တော့နေပုံ**

သီတင်းကျွတ်ချိန် ဖယောင်းတိုင်နှင့် ကန်တော့နေပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင်ဖော်ပြပါရှိသည့် ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၁၊ အောက်တိုဘာ ၁၂၊ ၁၉၄၀



**ငယ်လျှင်ချီး**

ငယ်လျှင်ချီးဟူသော ပုံတစ်ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင် ဖော်ပြပါရှိသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၃၊ အောက်တိုဘာ ၂၆၊ ၁၉၄၀



**အပူတိုက်ကောင်းသော မင်းသား**

အပူတိုက်ကောင်းသော မင်းသား၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင် ဖော်ပြပါရှိသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။


ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၅၊ နိုဝင်ဘာ ၉၊ ၁၉၄၀



**မျက်နှာရွေးသော ဝန်ကြီးချုပ်**

မျက်နှာရွေးသော ဝန်ကြီးချုပ်၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင် ဖော်ပြပါရှိသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၆၊ နိုဝင်ဘာ ၁၆၊ ၁၉၄၀



**အမျိုးသားနေ့ အလံတင်နေသူ**

အမျိုးသားနေ့ အလံတင်နေသူ၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင် ဖော်ပြပါရှိသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၇၊ နိုဝင်ဘာ ၂၃၊ ၁၉၄၀



**ဘီးလပ်သူ**

ဘီးလပ်သူ၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင် ဖော်ပြပါရှိသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၈၊ နိုဝင်ဘာ ၃၀၊ ၁၉၄၀



**မဟုတ်မခံသူ**

မဟုတ်မခံသူတစ်ဦး၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင် ဖော်ပြပါရှိသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။


ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၉၊ ဒီဇင်ဘာ ၇၊ ၁၉၄၀



## အများဆုံးပေါက်သူ

အများဆုံးပေါက်သူတစ်ဦး၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင် ဖော်ပြပါရှိသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၁၀၊ ဒီဇင်ဘာ ၂၊ ၁၉၄၀



**သံအမတ်ကြီး**

သံအမတ်ကြီး၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အောက်တွင် ဖော်ပြပါရှိသည့်ပုံအတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၁၁၊ ဒီဇင်ဘာ ၂၈၊ ၁၉၄၀



**အသက်ပေး၍ ချစ်နေပုံ**

အသက်ပေး၍ ချစ်နေပုံကို ရေးဆွဲရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ယခုပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၇၊ စာစောင် ၁၂၊ ဇန်နဝါရီ ၄၊ ၁၉၄၁



**နေ့စဉ်အလေးမသူ**

နေ့စဉ် အလေးမသောသူ၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက အထက်တွင် ဖော်ပြပါရှိသည့်ပုံအတိုင်း ပုံဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၈၊ စာစောင် ၂၊ ဇန်နဝါရီ ၁၈၊ ၁၉၄၁




**သတင်းစာတိုက်ကို မှီစားနေသော သတင်းထောက်တစ်ဦး၏ပုံ**

သတင်းစာတိုက်ကို မှီစားနေသော သတင်းထောက်တစ်ဦး၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ယခုတွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၈၊ စာစောင် ၅၊ ဖေဖော်ဝါရီ ၈၊ ၁၉၄၁



**သန်းကောင်စာရင်း ကောက်ယူနေသောသူ၏ပုံ**

သန်းခေါင်စာရင်း ကောက်ယူနေသူ၏ပုံကို ရေးဆွဲပေးပို့ရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း သန်းခေါင်စာရင်း ကောက်ယူနေသူ၏ပုံကို ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၈၊ စာစောင် ၆၊ ဖေဖော်ဝါရီ ၁၅၊ ၁၉၄၁



## ကြားနေသော အမတ်တစ်ဦး၏ပုံ

ကြားနေသော အမတ်တစ်ဦး၏ပုံကို ရေးဆွဲပေးပို့ရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၈၊ စာစောင် ၉၊ မတ် ၈၊ ၁၉၄၁



**လင်မယားနှစ်ယောက် အချစ်ပြိုင်ကြပုံ**

လင်မယားနှစ်ယောက် အချစ်ပြိုင်ကြပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၉၊ စာစောင် ၁၀၊ ဇွန် ၇၊ ၁၉၄၁




**သိပ်ပန်သူ**

သိပ္ပံသူတစ်ဦး၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း သိပ်ပန်သူ၏ပုံကို ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၉၊ စာစောင် ၁၂၊ ဇွန် ၂၁၊ ၁၉၄၁

ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာ



**လန်ချားဆွဲနေသော မြန်မာလူငယ်တစ်ယောက်ပုံ**

လန်ချားဆွဲနေသော မြန်မာလူငယ်တစ်ယောက်ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၁၀၊ စာစောင် ၈၊ ဩဂုတ် ၁၆၊ ၁၉၄၁



**တရုတ်စကားသင်နေသော မြန်မာအမျိုးသမီး**

တရုတ်စကားသင်နေသော မြန်မာအမျိုးသမီးတစ်ဦး၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၁၀၊ စာစောင် ၁၂၊ စက်တင်ဘာ ၁၃၊ ၁၉၄၁



**အများဆုံးထုတ်ရသော စာရေးဆရာပုံ**

အများဆုံးထုတ်ရသော စာရေးဆရာ၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၁၁၊ စာစောင် ၄၊ အောက်တိုဘာ ၁၁၊ ၁၉၄၁



**မြန်မာပြည်သို့လာပြီး လက်ဝါးကြီးအုပ်ကာ အလုပ်လုပ်နေသူ**

မြန်မာပြည်သို့လာပြီး လက်ဝါးကြီးအုပ်ကာ အလုပ်လုပ်နေသူတစ်ဦး၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြား လိုက်ရာ ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၁၁၊ စာစောင် ၅၊ အောက်တိုဘာ ၁၈၊ ၁၉၄၁



**ချက်အရက်ပုလင်း ဖမ်းနေသောသူ**

ချက်အရက်ပုလင်း ဖမ်းနေသော ယစ်မျိုးအရာရှိ၏ ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၁၁၊ စာစောင် ၇၊ နိုဝင်ဘာ ၁၊ ၁၉၄၁



**အရွယ်နှင့်မလိုက် ဖဲရိုက်နေသူ**

အရွယ်နှင့်မလိုက် ဖဲရိုက်နေသော ကလေးတစ်ယောက်၏ပုံကို ရေးဆွဲပေးရန် ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာအား အကြောင်းကြားလိုက်ရာ ၎င်းက ဤပုံတွင် တွေ့မြင်ရသည့်အတိုင်း ရေးဆွဲပေးပို့လိုက်ကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ ၁၁၊ စာစောင် ၁၁၊ နိုဝင်ဘာ ၂၉၊ ၁၉၄၁